# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဇော်ဂျီ | Zawgyi | Jo‘ gyi¯ | **Art.** ZG0002 |

**Article Title**
ပုဂံခေတ် ဗုဒ္ဓဝင် ပန်းချီ
Buddhist Painting in Bagan
Pugam khet‘ Buddha van‘ pan‘" khyi¯

**Title (Book/Serial)**
ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ
Collected Works of Saya Zawgyi, Vol.1

**Issue and Volume**

**Edition**

**Place/ Publisher**
Union of Myanmar Literary and Journalist Organization

**Distributor**

**Ed. Date** 1993

**Pagination** p. 9 - 14

**Annotation**
Buddhist art developed in Pagan. Scenes from the life of the Buddha were drawn on the walls of Kubyaukgyi, Abheyadana and other temples in Bagan. These Buddhist paintings are the beginning of Myanmar texts on the life of Buddha, such as "Marlarlingarya" and Zinattha Pakathani.

**Subject Terms**
1. Painting - Myanmar - Bagan period
2. Buddhist Art

**Key Words** Bagan

# ပုဂံခေတ် ဗုဒ္ဓဝင်ပန်းချီ

၁၉၅၁–ခုနှစ် လွန်ခဲ့သော မေလတွင် မြန်မာနိုင်ငံမှဗဟိုပန်းချီကော်မတီကကြီးမှူး၍ပန်းချီပြပွဲတစ်ခု ကျင်းပခဲ့သည်။ ထိုပန်းချီပြပွဲ တွင် နိုင်ငံတော် အစိုးရ ကမ္ဗည်းကျောက်စာဌာန၏ အကူအညီဖြင့် ပုဂံခေတ် ပန်းချီကားပေါင်း ခုနစ်ဆယ်ကျော်မျှ တင်ပြနိုင်ခဲ့လေသည်။ ထို ပန်းချီ ကား များအနက် ပုထိုးသမျှား၊ အပါယ်ရတနာ၊ ဂူပြောက်ကြီး၊ ကျန်စစ်သားဥမင်၊ ဘုရားသုံးဆူ၊ နန္ဒမညာဘုရား တို့မှ ကူးယူထားသောပန်းချီကားများသည်အထူးထင်ရှားလေသည်။

ပုထိုးသမျှား၊ အပါယ်ရတနာ၊ ဂူပြောက်ကြီးဘုရားတို့မှ ကူးယူထားသော ပန်းချီ ကား များ ကို ကျန် စစ် သား မင်း ကြီး၊ အလောင်းစည်သူမင်းကြီးတို့ လက် ထက် မြန်မာသက္ကရာဇ် လေးရာကျော် ငါးရာခန့် တွင် ရေးဆွဲသည်ဟု ယူဆ ကြလေသည်။ ဘုရားသုံးဆူ၊ နန္ဒမညာဘုရားတို့မှ ကူး ယူ ထားသော ပန်းချီကားများကို နရသူမင်း၊ နရသိင်္ခမင်း၊ နရပတိစည်သူမင်းတို့ လက် ထက် မြန်မာ သက္ကရာဇ် ငါး ရာ ကျော် ခြောက်ရာခန့်တွင် ရေးဆွဲသည်ဟုယူဆကြလေသည်။ ကျန်စစ်သားဥမင်မှကူးယူထား သော အချို့ပန်းချီကား များကို တရုတ် ပြေးမင်းနရသီဟပတေ့ လွန်ပြီး၍ နောက် နှောင်း သော ခေတ်၊ မြန်မာ သက္ကရာဇ် ခြောက်ရာကျော်တွင်ရေးဆွဲသည်ဟု ယူဆ ကြလေသည်။ ထို့ကြောင့် ပန်းချီပြပွဲ၌ တင်ပြခဲ့သော ပုဂံခေတ် ပန်းချီကားများ သည် အရေအတွက်အားဖြင့်နည်းသည်ဟု ဆိုရသော်လည်း ပုဂံ ကောင်းစားသော ခေတ် တစ်ခေတ်လုံး၏ ပန်းချီ ရေးနည်း၊ ပန်းချီသဘောတို့ကို ယေဘုယျ အားဖြင့် ခြုံငုံ၍ သိနိုင်ကောင်း၏ဟု ယူဆ ဖွယ် ရှိလေသည်။

ပုဂံခေတ် ပန်းချီ ဆရာတို့ ရေးဆွဲ ခဲ့သော အကြောင်းအရာ အမျိုးမျိုးကို လိုက်၍ ပုဂံခေတ် ပန်းချီကို ရှစ် ခန်း ခွဲမည် ဆိုပါက ခွဲနိုင်လေသည်။ သို့ရာတွင် ပန်းချီပြပွဲ၌ တင်ပြခဲ့သမျှသော ပန်းချီ ကားများကိုထောက်သဖြင့်ခုနစ်ခန်းသာ ခွဲ ၍ရလေသည်။ ထိုခုနစ်ခန်းမှာ (၁)ဗုဒ္ဓဝင်၊ (၂) မဟာယာန ဘုရား လောင်း များ၊ (၃)တန္တရယာန ဘုရား လောင်း များ (၄)ဗြဟ္မာဏနတ်ဘုရားများ၊ (၅)သီတင်း သည်ဘုရားဖူးများ၊ (၆)ကနုတ်ပန်းများ၊ (၇)အထွေထွေဟူ၍ခွဲနိုင်လေသည်။ အဋ္ဌမ မြောက် အခန်းသည် ဇာတ်နိပါတ်ခန်း ဖြစ်သင့်လေသည်။ ခုနစ်ခန်းအနက် ဗုဒ္ဓ ဝင်ခန်းသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်မှ ယခုတိုင် ဩဇာညောင်းလျက် ရှိသည်ဟု ယူဆအပ်လေသည်။ ဗုဒ္ဓဘာသာဝင်မြန်မာ ဘုရားတကာဘုရားအမ၊ ကျောင်းတကာ၊ ကျောင်းအမတို့သည် ဘုရားတန်ဆောင်း ကျောင်းများကိုဆောက်လုပ်လှူဒါန်းသော

အခါ ဗုဒ္ဓဝင်အခန်းခန်းကို ပန်းပုဖြင့်သော်လည်းကောင်း၊ ပန်းချီဖြင့်သော် လည်းကောင်း အများအားဖြင့် ထည့်ချင်ကြသေးလျက် ရှိသည်ကိုထောက်၍ သိနိုင်လေသည်။ ဘုရားတန်ဆောင်း ကျောင်းများသို့ ရောက်လာကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာမိခင်ဖခင်တို့သည် မိမိတို့သားငယ်သမီးငယ်တို့အား ထိုဗုဒ္ဓဝင် အခန်းခန်းကို လက်ညှိုးညွှန်ပြသ၊ ပြောဟောချင်ကြသေးလျက်ရှိသည်ကို ထောက်၍ သိနိုင်လေသည်။ ထိုသားငယ် သမီးငယ်တို့ကလည်း ထိုသို့ပြသ ပြောဟောသည်ကို နှစ်မြို့က် နားထောင် ချင်ကြသေး လျက်ရှိသည်ကိုထောက်၍ သိနိုင်လေသည်။ ထိုဘုရားတန်ဆောင်းကျောင်းတို့သည် တစ်နည်းဆိုရသော် ပုဂံခေတ်မှ မျက်မှောက်ခေတ်တိုင်အောင် ဗုဒ္ဓဝင်အနုပညာပြခန်းဗိမာန်သဖွယ်ဖြစ်သည်ဟုဆိုသော် ဆိုသင့်လေသည်။ ထိုကဲ့သို့သောပြခန်းဗိမာန်မျိုးတို့ကို အကြောင်းပြု၍ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ရှိနိုးခြင်း၏တည်ရာ၊ မြတ်နိုးခြင်း၏တည်ရာဖြစ်လာရသည်ဟုလည်း ဆိုသော် ဆိုသင့်လေသည်။

ထိုမျှသာ မကသေး၊ ထိုကဲ့သို့သော ပြခန်းဗိမာန် မျိုးတို့ကို အကြောင်း ပြု၍ တက္ကသိုလ ဈေးတောကြီဆသော အလေ့အလာလည်း ထွန်းကားခြင်း ဖြစ်ခဲ့တန်ရာသည်။ အမြင်အသိရှိသော ဝတ္ထုရေးဆရာကြီး ဦးလတ်သည် ထိုအလေ့အလာမျိုးရှိတတ်သည်ကို ရှေ့ပြည်စိုး ဝတ္ထုတွင် ဦးရွှဝံ၊ မောင်မောင်စိုးတို့ မဟာ မြတ်မုနိဘုရားဖူးခန်း၌ သရုပ်ဖော် ခဲ့လေသည်။ ဖော်ပုံမှာ—

မောင်မောင်စိုး မှာ (မဟာမြတ်မုနိ) တန်ဆောင်း၌ ရေးထားသော အရုပ်ကားတို့ကို လှည့်ပတ်ကြည့်ရှုလျက်နေလေသည်။ ဤသို့လှည့်၍ကြည့်နေရာတွင် ဂေါတမ မြတ်စွာဘုရား၏ ပဋိသန္ဓေတည်နေခြင်းမှဘုရားအဖြစ်သို့ တိုင်အောင်သော အတ္ထုပ္ပတ္တိကို ရေး၍ထားသောအရုပ်ကားတွင် ဂေါတမ မြတ်စွာ ဘုရား သခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော် မူသော အခန်း၌ မာရ်နတ် စစ်သည် အပေါင်းတို့နှင့် ခြီရံသော အတ္ထုပ္ပတ္တိနှင့် ဝသုန္ဓရေ ခေါ်သော မြေစောင့်နတ်သည် ဆံရည်ကို ညှစ်၍ သက်သေခံနေသည့်ပုံကို မြင်လျှင် အဘိုးဝံဘက်သို့လှည့်၍ ဤသို့ မေးလေ၏။ အဘိုးဝံ (မောင်) ဘုရားပုထိုးတို့၏ရှေ့မှာ တံခွန်တိုင်၏ အရင်းသည် ဝသုန္ဓရေနတ်က ဆံရည်ညှစ်၍ သက်သေခံဟန်အရုပ်များကို ထုလုပ်ထားတာတွေ့ရပါတယ်၊ ယခုသည်ကားထဲမှာလဲ ဝသုန္ဓရေနတ်က ဆံရည်ညှစ်နေတဲ့ဟန်များ မြင်ရပါတယ်။ သည်ဟာအမှန်ပဲလားဟုမေးလျှင် အဘိုးဝံက၊ မောင်၊ သည်နေရာမှာ "အဝေတနော ပိဃန မဟာပထဝီ သကို" ဟူ၍သာ ကျမ်းကြီးကျမ်းခိုင်တို့၌ တွေ့ရှိဖူးပါတယ်။ အဓိပ္ပာယ်မှာတော့ စိတ်မရှိသော မဟာပထဝီမြေကြီး သက်သေခံကြောင်းသာ ဆိုပါသည်။ မြေစောင့်နတ်သားသည် ထွက်၍ ဆံရည်ညှစ်လျက် သက်သေခံသည်ဟု ပြောဆိုပြုလုပ်ကြခြင်းမှာ သင့်မည်မထင်ပါဘူး မောင်ရယ်ဟု ပြောပြီးလျှင် တန်ဆောင်းမှ အနောက်ဘက်သို့ မတ်တတ်ရပ်၍ ကြည့်နေလေသည်။

တခအောင့်ကြာပြန်လျှင် မောင်မောင်စိုးက တစ်ဖန် ဤသို့မေးပြန်လေ၏။ အဘိုးဝံ (မောင်) မာရ်နတ်နှင့် မြဟ္မာတို့ ဘယ်သူကသာ၍ တန်ခိုး ကြီးကြပေလိမ့်မတုန်း၊ (မြဟ္မာကကြီးတာပေါ့ မောင်ရယ်)၊ နို့ဒါဖြင့် အဘိုးဝံရယ်၊ မာရ်နတ်မင်းသည် စစ်သည် အပေါင်းတို့နှင့် ပလ္လင်ကိုလာ၍ လုသောအခါ မြဟ္မာအပေါင်းတို့သည် တစ်စုံ တစ်ယောက်သောသူမျှ ရပ်တည်၍ မနေနိုင် သိကြားမင်းလည်း ဝိဇယုတ္တရခရုသင်းကို ကုန်းပိုး၍ ပြေးသတဲ့။ သဟမ္ပတိမြဟ္မာကြီးလည်း ထီးဖြူကိုကိုင်၍ ပြေးသတဲ့။

မာရ်နတ်မင်းထက် တန်ခိုးကြီးသည် ဆိုလျက် ဘယ်အတွက်ကြောင့် ထွက်ပြေးရပါသလဲဟုမေးလျှင်၊ အဘိုးဝံက ကျမ်းဂန်က ဘယ်လိုကြောင့်ရယ်လို့ဖြင့် မပြောဘူး။ ဒ္ဓါသော်လဲ လူမိုက်တို့ကိုဝေးစွာရှောင်ကြဉ်ရမည်ဟုဆိုသော အ္ဝသေဝနာစ မာလနံ့ ပဏ္ဍိတာနဉ္စ ပြေးကြသည့် လက္ခဏာနှင့်တူပါတယ်ဟု ပြောဆိုသော အဆုံးတွင် အမရပူရမြို့ဟောင်းဘက်သို့ စောင်းလှည့်၍ ကြည့်နေပြန်လေ၏။

အထက်ပါ အဘိုး ဦးရွှံ၊ မောင်မောင်စိုးတို့ ဘုရားဖူးခန်း အမှုအရာသည် ဗုဒ္ဓဘာသာ ဘုရားတန်ဆောင်း ကျောင်းများ၌ မကြာခဏ မြင်နိုင် ကြားနိုင် သိနိုင်သော ဗုဒ္ဓဘာသာ မြန်မာတို့၏ ကိုယ်နှုတ် နှလုံး အမှုအရာ တစ်ခုဖြစ်သည်ဟု ဆိုအပ်လေသည်။ ဗုဒ္ဓဝင်အရုပ်ကားကို အကြောင်းပြု၍ တက္ကသိုလ ဝေးတော ကြံဆသော အလေ့အလာ ရှိသည်ဟူသော အချက်သည်လည်း ထင်ရှားလေသည်။ ထိုအမှုအရာ၊ ထိုအလေ့အလာမျိုးသည် ပုဂံခေတ်ကလည်း ရှိခဲ့တန်ရာသည်၊ အင်းဝခေတ်ကလည်း ရှိခဲ့တန်ရာသည်။ တောင်ငူ၊ ဟံသာဝတီ၊ မြောက်ဦး၊ အမရပူရ၊ မန္တလေးခေတ် တို့ကလည်း ရှိခဲ့တန်ရာသည်။ ထို့ကြောင့် ဗုဒ္ဓဝင်ခန်းသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်မှယခုတိုင် ဩဇာညောင်းလျက်ရှိသည်ဟု ယူခဲ့ခြင်းဖြစ်လေသည်။

ပုဂံခေတ် ပန်းချီဆိုင်ရာ ဗုဒ္ဓဝင်ဟုဆိုရာတွင် ဒီပင်္ကရဗျာဒိတ်အစ ကဿပ အဆုံးရှိသော ဗုဒ္ဓဝင်ကိုဆိုလိုသည် မဟုတ်ချေ။ ဂေါတမ ဗုဒ္ဓဝင်ဖြစ်စဉ် ဇာတ်လမ်းကိုသာ ဆိုလိုရင်းဖြစ်လေသည်။ ပုဂံတွင် ထို ဗုဒ္ဓဝင် ဇာတ်လမ်းကို အနုပညာဖြင့် ပထမအကြိမ် အသေးစိတ် ဖွဲ့နွဲ့ခဲ့သည်မှာ ကျန်စစ်သားမင်းကြီး တည်တော်မူသော အာနန္ဒာဘုရား၌ရှိ ပန်းတော့လက်ရာများ၌ ဖြစ်သည်ဟု ဆိုလေသည်။ ထိုလက်ရာများတွင် အဓလောင်းတော် သေတဘောဂ နတ်သားဘဝမှ ပရိနိဗ္ဗာန် ပြုသည့် အထိ အခန်းစုံ စုံလင်လှသည်ဖြစ်ရာ နောက်နှောင်းသော ပုဂံခေတ် ပန်းတော့ဆရာ၊ ပန်းချီဆရာ တို့သည် ထိုလက်ရာများကို စံထုံး ပြုဖွယ် ရှိသည်ဟု ယူအပ်လေသည်။ ဗုဒ္ဓဝင် အခန်းခန်းကို ဖွဲ့နွဲ့ရာတွင် နှစ်မျိုးရှိသည်ဟုဆိုလေသည်။ တစ်မျိုးမှာ ဗုဒ္ဓဝင် အခန်း တစ်ခုကို ပင်မပြု၍ နှစ်သက်ရာ အခြားအခြားသောအခန်းများကို ထိုပင်မအခန်းအား အရန်ပြုကာဖွဲ့နွဲ့ခြင်းဖြစ်သည်။ ဥပမာ မောဓိပင်နှင့် ရွှေပလ္လင် အောင်ခန်းကို ပင်မ အခန်း ပြု၍ ဖွားတော်မူခန်း၊ မိဂဒါဝုန် တော၌ ဓမ္မစကြာ ဟောခန်း၊ နာဠာဂီရိဆင် ချွတ်ခန်း၊ တာဝတိံသာမှ ဆင်းကြွခန်း၊ သာဝတ္ထိပြည် တန်ခိုးပြာဋိဟာပြခန်း၊ ပရိနိဗ္ဗာန်ပြုခန်းတို့ကိုပင်မ အခန်း၏ ထက်အောက်ဝန်းကျင်၌အရန်ပြု၍ ပြခြင်း ဖြစ်လေသည်၊ ကျန် တစ် မျိုး မှာ လုံးချင်းအခန်းများဖြစ်လေသည်၊ အမိအရ မရှိ၊ နှစ်သက်ရာ သီးခြားအခန်းတစ်ခုခုကို ဖွဲ့နွဲ့ခြင်းသာ ဖြစ်လေသည်၊

ပုဂံခေတ်အနုပညာဆိုင်ရာဗုဒ္ဓဝင်အခန်းခန်းများတွင် ဖွားတော်မူခန်း၊ မောဓိပင်နှင့်ရွှေပလ္လင် အောင်တော်မူခန်း၊ဓမ္မစကြာ ဟောခန်း၊ နာဠာဂီရိဆင်ချွတ်ခန်း၊ နန္ဒောပနန္ဒနဂါးမင်းချွတ်ခန်း၊ အာဠာဝကချွတ်ခန်းတို့သည် အများအပြားပုံသွင်းထုထွင်းရေးဆွဲလေ့ရှိသော အခန်းများဖြစ်သည်ဟု ဆိုလေသည်။ ဤအချက်ကို ထောက်သဖြင့် ပုဂံသူပုဂံသားတို့သည် ထိုအခန်းများကို ပိုမို နှစ်သက် ကြသည်ဟု ဆိုအပ် လေသည်၊ အထက်ပါအခန်းများတွင်ဖွားတော်မူခန်းနှင့် ဓမ္မစကြာ ဟောခန်းတို့သည် နိဗ္ဗာန်တရား၏ လင်းရောင်ခြည်သည် မိုက်မလင်းသော လောကသို့ အကယ်အတင် ရောက်လာသော သဘောဟု ယူသော်ရကောင်းအံ့သို့ ရှိလေသည်။ ကျန်အခန်း

များသည် နိဗ္ဗာန်တရား၏ရန်ကို အကြည်အသာ နှိမ်နင်းလိုက်သော သဘောဟု ယူသော် ရကောင်းအံ့သို့ ရှိလေသည်။ ထို့ကြောင့် ပုဂံသူ ပုဂံသား တို့သည် ထိုသဘောနှစ်ရပ်ကို ပိုမို နှစ်သက်သည်ဟူ၍လည်းဆိုအပ်လှလေသည်။ ထိုသဘောနှစ်ရပ်ကို ထောက်သဖြင့် မြတ်စွာဘုရားအား ဘုံသုံးပါး၏ ဆရာအဖြစ် ကြည်ညို ဝမ်းမြောက်ခြင်း၊ ရန်အပေါင်းကို အောင်သူအဖြစ် ကြည်ညို ချီးကျူးခြင်း တို့သည် ပုဂံသူ ပုဂံသားတို့၏ သာသာရေး စိတ်ဓာတ်၌ ကဲနေသည်ဟုယူသော် ရသင့်လေသည်။ တစ်နည်းအားဖြင့်ဆိုသော် ပုဂံတွင် ဟီနယာန (ထေရဝါဒ) ဗုဒ္ဓသာသနာ ထွန်းကားလာသော ကြောင့် ဝမ်းမြောက်ခြင်း၊ ချီးကျူးခြင်းတစ်မျိုးပင် ဖြစ်တန်ရာသည်။

ပုထိုးသမျှား ဘုရားမှပုံသည် မြတ်စွာဘုရားလောင်း ဖွားတော်မူခန်း နယ်နိမိတ်တွင် အကျုံးဝင်သောပုံ ဖြစ်လေသည်။ ကာဠဒေဝိလ ရသေ့သည် ဘုရားလောင်း ဖွားမြင်ကြောင်းကို ကြားလေရာ သုဒ္ဓေါဒန မင်းကြီး နန်းတော်သို့ဝင်၍ ဘုရားလောင်းအား ဖူးမြင်လိုကြောင်း မိန့်လေသည်။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားလောင်းအား တန်ဆာဆင်၍ မိမိ၏ဆရာရသေ့အား ရှိခိုးစေခြင်းငှာ ရှေ့သို့ဆောင်လေသည်။ ထိုအခါ ကာဠဒေဝိလရှာသ့သည် ဘုရားလောင်း၏ ရှိခိုခြင်းကို ခံယူမိခဲ့သော် ဦးခေါင်းခုနစ်စိတ် ကွဲမည်ကို စိုးရိမ် သဖြင့် ဘုရားလောင်းအား ရှိခိုးအံ့သောငှာလက်အုပ်ချီလေသည်။ ဤပုံတွင် သုဒ္ဓေါဒန မင်းကြီးသည် တန်ဆာဆင်အပ်သော ဘုရားလောင်းအား လက်၌ အသာအယာတင်၍ ရှေ့သို့ဆောင်နေ သည် ကို မြင်ရလေသည်။ ကာဠဒေဝိလရသေ့သည် မျက်လွှာချ၍ ဘုရားလောင်းအား ရှိခိုးနေသည် ကို မြင် နိုင် လေ သည်။ သုဒ္ဓေါဒနမင်းကြီးနောက်တွင် ခစားနေသူများမှာ မိဖုရားငယ် အခြွေအရံများပင် ဖြစ်တန်ရာသည်။

နောက် ခံ တွင် နန်း တော် ပြာသာဒ်ဆောင်ကိုမြင်နိုင်လေသည်။ အမိုးသုံးထပ်လည်ပေါ်ဆောင်ဖြစ်၍ မုခ်ဒွရင်၊ ထောင့်ဒွရင်တို့လည်းပါလေရာ နောင်အခါမြန်မာမင်းတို့ ပုံစံယူသော ပုဂံခေတ် နန်းတော်ပြာသာဒ်ဆောင်ဖြစ်သည်ဟု ယူသင့်လေသည်။ သစ်ပင်နှစ်ပင်သည် ကွမ်းသီးပင်နှင့် တူလေသည်။ ကွမ်း၊ ကွမ်းသီးတို့သည် ပုဂံခေတ်မှစ၍ အရေးပါသော ရွက်မျိုး သီးမျိုးဖြစ်လေသည်။ ပုဂံခေတ် ကျောက်စာများအရ ဥယျာဉ်များ၌ ကွမ်း၊ ကွမ်း သီးများစိုက်ပျိုးတူကြောင်း၊ ပုဂံသူပုဂံသားတို့ ကွမ်းစားတတ်ဟန် တူကြောင်း၊ ထို ကွမ်းစားသောအလေ့ကို အိန္ဒိယမှ ယူလာဟန် တူကြောင်း၊ ကွမ်းသီးများကို ဝါး ကျည်တောက်၌ထည့်၍ ရောင်း တတ် ဟန် တူကြောင်း၊ ဘုရား၌ကွမ်းယာတင်တတ်ဟန် တူကြောင်း အဆိုရှိလေသည်။ ကွမ်းနှင့် ကွမ်းသီးသည် ထိုမျှအရေးပါသော အသုံးအဆောင်အဖွယ်အရာဖြစ်လေရာ ပုဂံခေတ် ပန်းချီဆရာသည် ကွမ်းသီးပင်ကို အရေးမပေးဘဲ မနေတန်ရာ၊ ကွမ်းသီးပင်၌ နှစ်သက်ခြင်းပင်ရှိတန်ရာသည်။ ထို့ ကြောင့် ပုံတွင်ပါရှိသောသစ်နှစ်ပင်အား ကွမ်းသီးပင်ဟူ၍ ကေန်ဆိုနိုင်လေသည်။

အပါယ်ရတနာဘုရားမှ ပုံသည် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်း နယ် နိ မိတ်တွင် အကျုံး ဝင်သောပုံ ဖြစ်လေ သည်။ မြတ်စွာဘုရားသည် ဗောဓိပင်ကိုအနောက်ပြုပြီးလျှင် မြက်ရှစ်ဆုပ်မှ ဖြစ် လာ သော ပလ္လင်ထက်ဝယ် ငါသည်ဘုရားအဖြစ်သို့ မရောက်ဘဲ ထက်ဝယ်ဖွဲ့ခွေ နေတော်မူခြင်းကို မဖျက်ဟုဆို၍ နေ တော် မူ လေသည်။ ထိုအခါ မာရ် နတ် သား သည် မိမိ၏မာရ်စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့်

တက္ကလာလတ်၍ ပလ္လင်ကိုလုအံ့သော ငါ့ အမျိုးမျိုးသော အားထုတ် တိုက်ဖျက်ခြင်းကိုပြုလေသည်။ အဆုံးတွင် မြတ်စွာဘုရားသည် မိမိ၌ဒါနပါရမီ ဖြည့်တော်မူခဲ့သည်၏အဖြစ်ကိုပြလိုသဖြင့် သင်္ကန်းတော်တွင်းမှ လက်ယာလက်ကို ထုတ်၍ သက်မဲ့ဖြစ်သော မြေကြီးကို သက်သေတည်စေလေရာ မာရ်နတ်နှင့်တကွသော မာရ်စစ်သည် အပေါင်းသည် ပြေးလွှားပျောက်ကွယ် ကြရလေကုန်သည်။ ပုံတွင် မြေကြီးက သက်သေခံဟန်ကို ဥပစာ တင်စားသော သဘောဖြင့် ဝသုန္ဒြေ နတ်သား ဆံရည်ညှစ်ဟန် ပန်းချီရေးဆွဲထားသည်ကို မြင်နိုင်လေသည်။ ဤပုံသည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်ခန်း ပင်မပုံကို ရန်၍ ရေးဆွဲသော အရန်ပုံ ဖြစ်ဟန်တူလေသည်။ ဤပုံတွင် ဝသုန္ဒြေနတ်သား၏ ကိုယ်နေ အယဉ်အကြော၊ ဆံနေ အနွဲ့အပျောင်း၊ ဆံရည်ညှစ်ဟန် အသွားအလာ သဘောတို့သည် နှစ်သက်ဖွယ် ဖြစ်လေသည်။

ဂူပြောက်ကြီး ဘုရားမှ ပုံသည် ပုဂံသူ ပုဂံသားတို့၏ ကြည်ညို ဝမ်းမြောက်ခြင်း၊ ကြည်ညို ချီးကျူးခြင်း နှစ်မျိုးလုံးကို တစ်နည်း ဖော်ပြထားသော ပုံဖြစ်သည်ဟု ဆိုနိုင်လေသည်။ မြတ်စွာဘုရားသည် ဝါတွင်းကာလတွင် တာဝတိံသာ နတ်ပြည်သို့ တက်၍ မယ်တော် မာယာ နတ်သားအား လည်းကောင်း၊ နတ်ပရိသတ်အားလည်းကောင်း အဘိဓမ္မာတရားကို ဟောတော် မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကဿနဂိုရ်သို့ ဆင်းကြွတော်မူလေသည်။ ထိုအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြား စောင်းတန်း တို့ကို ဖန်ဆင်း၍ မြတ်စွာဘုရားအား ပတ္တမြားစောင်းတန်းမှ အတင့်အတယ် ဆင်းကြွ စေလေသည်။ သိကြား၊ နတ်၊ ဗြဟ္မာတို့ကား ရွှေစောင်းတန်း၊ ငွေစောင်းတန်းမှ သက်ကြသည်ဟု ဆိုလေသည်။ မြတ်စွာဘုရားအား ခြံရံ၍ သက်ကြရာတွင် ပဉ္စသိခ နတ်သားသည် နတ်စောင်းကို ပိုက်၍ လိုက်၏။ ဂန္ဓဗ္ဗနတ်တို့သည် နတ်စောင်းသံပြု၍ လိုက်၏။ မာတလိ နတ်သားသည် စာမရီသားမြီးယပ်ကို တလွှဲလွှဲ ယပ်၍ လိုက်၏။ ဗြဟ္မာကြီးသည် ထီးမိုး၍ လိုက်၏။ ဤပုံတွင် စောင်းတန်း သုံးသွယ်ဖြင့် မြတ်စွာဘုရား သက်ဆင်းလာဟန်ကို မြင်နိုင်သည်။ မြတ်စွာဘုရား၏ ရတနာဦးထိပ်ဖြစ်သော ကေတုမာလာကိုပြထားသည်။ သားမြီးယပ်ကိုင်သူသည် မာတလိဖြစ်သည်။ မာတလိနောက်တွင် သိကြား လက်အုပ်ချီလျက် ပါသည်။ မြတ်စွာဘုရားနောက်တွင် ဗြဟ္မာကြီး ထီးမိုးလျက် ပါသည်။ စောင်းတန်းကို လှေကားသဖွယ် ထောင့်တန်း မကျတကျ ရေးပြထားသည်။ မြတ်စွာဘုရား၏ ခြေရင်းတော် လက်ယာဘက်၌ စည်းကမ်းပုံ တိမ်နောက်ခံဖြင့် နတ်သား ကိုယ်တစ်ဝက်ကို ပြထားသည်။ နတ်ပရိသတ်တို့ အစုံအညီ လိုက်ပါကြသည်ကို မြတ်စွာဘုရား၏ ဦးထိပ် ဝဲယာရှိ စည်းကမ်းပုံ တိမ်နှစ်လိပ်မှ နတ်သားတို့၏ ကပ်ဟန် လက်များကိုသာ ထုတ်၍ အကျဉ်းနည်းဖြင့် ပြထားသည်။ ယာဘက်ရှိ လက်တစ်ဖက်သည် ရွှေတံခွန်ကိုသော်လည်းကောင်း၊ ငွေတံခွန်ကိုသော်လည်းကောင်း၊ ပုလဲတံခွန်ကိုသော်လည်းကောင်း ကိုင်ဆောင်ထားသည်။ ဝဲဘက်ရှိ လက်နှစ်ဖက်သည် ဝိဇယုတ္တရခရုသင်းများကို ကိုင်ဆောင်ထားသည်။ နတ်အပေါင်းတို့ ကြည်လင်ရွှင်ပြသောသဘောကို ကွက်လပ်များတွင် သော်ကပန်းများကို ထည့်သွင်း၍ ပြထားသည်။ အလှအပ တန်ဆာဆင်ထားသည်ဟုလည်း ဆိုနိုင်လေသည်။ ဝါတွင်းကာလပတ်လုံး တာဝတိံသာ၌ သီတင်းသုံး၍ ဝါကျွတ်သည်နှင့်တစ်ပြိုင်နက် လူ့ပြည်သို့ မြတ်စွာဘုရား သက်ဆင်းလာ

ခြင်းသည် လူတို့အဖို့ ကြည်ညို ဝမ်းမြောက်စရာ ဖြစ်သင့်လေသည်။ နတ်ဗြဟ္မာတို့ ခြံရံ၍ ဆင်းကြွ လာခြင်းသည် လူတို့အဖို့ ကြည်ညိုချီးကျူးစရာပင် ဖြစ်သင့်လေသည်၊ ဤပုံကို ဖူးမြင်ရသော ပုဂံသူ ပုဂံသားတို့အဖို့မှာလည်း ဤအတိုင်းပင် ဖြစ်တန်ရာသည်၊

အလုံးစုံသော ပုဂံခေတ် မုဒ္ဒဝင် ပန်းချီသည် မာလာလင်္ကာရ၊ ဇိနတ္ထပကာသနီတို့၏ အရက် ရောင်ခြည် ဖြစ်သည်ဟု ဆိုသင့်လှပေသတည်း။

ရှုမဝ၊ အတွဲ ၅၊ အမှတ် ၅၁
၁၉၅၁၊ ဩဂုတ်လမှ—